ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၆) ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၆ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ | ၂-၄ |
| ၂။ | ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာအမိန့်နှင့်စပ်လျဉ်းသည့်သတင်းစဉ်။ | ၅-၆ |
| ၃။ | New York တွင် လမ်းစည်းကမ်းလိုက်နာရန်မလိုဘဲ လမ်းဖြတ်ကူးခွင့်ပြုခြင်း။ | ၇-၈ |
| ၄။ | ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူညီစာချုပ်မှအဖွဲ့ဝင်များ၏ ၁၆ ကြိမ်မြောက်ညီလာခံ(COP 16)မှ ဇီဝမျိုးစုံမျိုးကွဲနှင့်စပ်လျဉ်း၍ အထင်ကရ သဘောတူညီချက်များချမှတ်ဆောင်ရွက်ခဲ့ခြင်း။ | ၉-၁၁ |
| ၅။ | UN Habitat III Conference တွင်လက်မှတ်ရေးထိုးခဲ့သော New Urban Agenda ဒေသတွင်း အကောင်အထည်ဖော်ရန် တိုက်တွန်းခြင်း။ | ၁၂-၁၃ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၆)　　　　၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၆ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှထုတ်ပြန်သည့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၊ စွမ်းအင်ဝန်ကြီးဌာနမှထုတ်ပြန်သည့် ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာအမိန့်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် လက်ခစားအပ်ကုန်စနစ်ဆိုင်ရာအကောက်ခွန်လုပ်ထုံးလုပ်နည်းတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ လက်ခစားအပ်ကုန်စနစ်ဆိုင်ရာအကောက်ခွန်လုပ်ထုံးလုပ်နည်းများကို ၁၃-၁၁-၂၀၂၄ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၇၅/၂၀၂၄ ဖြင့်ထုတ်ပြန်ခဲ့ပြီး ဤအမိန့်ကြော်ငြာစာသည် ၁-၁၂-၂၀၂၄ ရက်နေ့မှစ၍အကျိုးသက်ရောက်စေရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

လက်ခစားအပ်ကုန်စနစ်ဆိုသည်မှာ ပြည်ပမှတင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများအား ပြည်တွင်း၌ဖြတ်တောက်ခြင်း၊ ချုပ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ပြန်လည်ပြင်ဆင်ခြင်း နည်းလမ်းတစ်မျိုးမျိုးဖြင့် ကုန်ကြမ်းပစ္စည်းများကို ကုန်ချောအဖြစ်ထုတ်လုပ်ပြီး ယင်းကုန်ချောများကိုထုပ်ပိုး၍ ပြည်ပသို့ပြန်လည်တင်ပို့ရာတွင် လက်ခရယူဆောင်ရွက်သည့်စနစ်ကို ဆိုကြောင်း လုပ်ထုံးလုပ်နည်း အပိုဒ် ၂(က)၌ အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါသည်။

လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ကြမ်းပစ္စည်းများနှင့် ထုပ်ပိုးပစ္စည်းများတင်သွင်းရာတွင် သွင်းကုန်ကြေညာလွှာနှင့်အတူ သွင်းကုန်လိုင်စင်၊ ကုန်တင်တန်ဆာ၊ ကုန်တန်ဖိုးစာရင်း၊ ကုန်ထုပ်ပိုးမှုစာရင်း၊ လုပ်ငန်းအပ်နှံမှုစာချုပ်၊ ကုန်အမှာစာ၊ ကုန်ပစ္စည်းအမျိုးအစားအလိုက် သက်ဆိုင်ရာဌာနများ၏ခွင့်ပြုထောက်ခံချက်များ၊ ကုန်ကြမ်းပစ္စည်းများ သို့မဟုတ် ထုပ်ပိုးပစ္စည်းများနှင့်စပ်လျဉ်းသည့်

ကတိခံဝန်ချက်၊ ပြည်ပသို့တင်ပို့မည့်ကုန်ချောတစ်ယူနစ်အတွက် လိုအပ်သည့်ကုန်ကြမ်းအမျိုးအမည်၊ အရေအတွက်နှင့်စပ်လျဉ်းသည့်ဖော်ပြချက်၊ ကုန်ကြမ်းပစ္စည်းတင်သွင်းမှုစာရင်းဇယား၊ ထုပ်ပိုးပစ္စည်းတင်သွင်းမှုစာရင်းဇယားစသည့်အထောက်အထားများကို ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

လက်ခစားအပ်ကုန်စနစ်ဖြင့်ကုန်ချောပြုလုပ်၍ ပြည်ပသို့ပြန်လည်တင်ပို့ရာတွင် ထုတ်ကုန်ကြေညာလွှာနှင့်အတူ သွင်းကုန်ကြေညာလွှာနှင့် ပူးတွဲစာရွက်စာတမ်းများ၊ ပို့ကုန်လိုင်စင်၊ ကုန်တန်ဖိုးစာရင်း၊ ကုန်ထုပ်ပိုးစာရင်း၊ ကုန်အမှာစာ၊ ကုန်ပစ္စည်းတင်ရန် ကြိုတင်အကြောင်းကြားစာ၊ ကုန်ပစ္စည်းအမျိုးအစားအလိုက်သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုထောက်ခံချက်များ၊ ကုန်ကြမ်းပစ္စည်းများ သို့မဟုတ် ထုပ်ပိုးပစ္စည်းများနှင့်စပ်လျဉ်းသည့် ကတိခံဝန်ချက်၊ ပြည်ပသို့တင်ပို့မည့် ကုန်ချောတစ်ယူနစ်အတွက် လိုအပ်သည့်ကုန်ကြမ်းအမျိုးအမည်၊ အရေအတွက်နှင့်စပ်လျဉ်းသည့်ဖော်ပြချက်၊ တင်သွင်းထားသောကုန်ကြမ်းပစ္စည်းများနှင့် ထုပ်ပိုးပစ္စည်းများ ပြည်ပသို့ပြန်လည်တင်ပို့ကြောင်း ဖော်ပြချက်စသည့်စာရွက်စာတမ်းများပူးတွဲတင်ပြရမည်ဟု သိရှိရပါသည်။

တင်သွင်းသည့်ကုန်ကြမ်းပစ္စည်းများနှင့် ထုပ်ပိုးပစ္စည်းများကို ကုန်ချောထုတ်လုပ်၍ ပြည်ပသို့ပြန်လည်တင်ပို့ရာတွင် သွင်းကုန်ကြေညာလွှာတင်သွင်းသည့်နေ့မှတစ်နှစ်အတွင်း တင်ပို့ရမည်ဖြစ်ကြောင်း၊ လက်ခစားအပ်ကုန်စနစ်ဆောင်ရွက်ခွင့်ရရှိသူသည် သတ်မှတ်ထားသည့်တစ်နှစ်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် တင်ပို့မှုမပြုနိုင်ပါက သက်တမ်းတိုးခွင့်ပြုရန် သတ်မှတ်ကာလမကုန်ဆုံးမီ နှစ်လကြိုတင်၍ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြ လျှောက်ထားရမည်ဖြစ်ကြောင်း၊ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားမှုကိုစိစစ်ပြီး ကျိုးကြောင်းခိုင်လုံပါက တစ်ကြိမ်လျှင်တစ်နှစ်စီဖြင့် နှစ်ကြိမ်အထိ သက်တမ်းတိုးခွင့်ပြုနိုင်သည်ကိုတွေ့ရှိရပါသည်။

လက်ခစားအပ်ကုန်စနစ်ဆောင်ရွက်ခွင့်ရရှိသူသည် ကုန်ကြမ်းပစ္စည်းများနှင့် ထုပ်ပိုးပစ္စည်းများတင်သွင်းမှု၊ ကုန်ချောထုတ်လုပ်၍ ပြည်ပသို့ ပြန်လည်တင်ပို့မှုတို့နှင့်စပ်လျဉ်းသည့်စာရင်းများကို အကောက်ခွန်ဦးစီးဌာနကစစ်ဆေးနိုင်ရန် ၇ နှစ်ထိန်းသိမ်းထားရှိရမည်ဖြစ်ကြောင်း သိရှိရပါသည်။

လက်ခစားအပ်ကုန်စနစ်ဆိုင်ရာ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေနှင့် တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၄၆) ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၆ ရက်

## ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာအမိန့်နှင့်စပ်လျဉ်းသည့် သတင်းစဉ်

စွမ်းအင်ဝန်ကြီးဌာနသည် THE OILFIELDS ACT, 1918 ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် အမိန့်အမှတ် ၁၀၂/၂၀၂၄ ဖြင့် ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာအမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါအမိန့်တွင် အမည်၊ ရည်ရွယ်ချက်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရေနံလုပ်ငန်းဖြုတ်သိမ်းရာတွင်လိုက်နာရမည့်အချက်များ၊ ရေနံလုပ်ငန်းဖြုတ်သိမ်းရန် ကြိုတင်ဆောင်ရွက်ရမည့်အချက်များ၊ ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာ နည်းလမ်း၊ ရေနံလုပ်ငန်းဖြုတ်သိမ်းရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် ဆောင်ရွက်ရမည့်အချက်များနှင့် အထွေထွေဟူ၍ အခန်း ၆ ခန်းဖြင့် ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။ ရေနံလုပ်ငန်းဆောင်ရွက်လျက်ရှိသည့်ကုမ္ပဏီ သို့မဟုတ် တရားဝင်ခွင့်ပြုချက်ဖြင့် ရေနံလုပ်ငန်းလုပ်ကိုင်သူသည် ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် အာဆီယံဒေသဆိုင်ရာသဘောတူစာချုပ်များ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများကို လိုက်နာရမည်ဖြစ်ကြောင်း၊ ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းအတွက် လုပ်ငန်းဆောင်ရွက်မှုမပြုလုပ်မီ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်များ၊ ရေနံလုပ်ငန်းဖြုတ်သိမ်းရာတွင် တွင်းများပိတ်ခြင်းနှင့် စွန့်ခွာခြင်း၊ ဖယ်ရှားခြင်းနှင့်စွန့်ပစ်ခြင်း၊ အသုံးပြုသည့်နေရာတွင်ပင်ထားခဲ့ခြင်းနှင့် အခြားနည်းဖြင့် အသုံးပြု၍ဆောင်ရွက်ခြင်းများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရေးအတွက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အသေးစိတ်ဖော်ပြချက်များကို ထုတ်ပြန်ထားကြောင်း သိရှိရပါသည်။

ထို့ပြင် ယင်းအမိန့်အရ ရေနံလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ သို့မဟုတ် တရားဝင်ခွင့်ပြုချက်ဖြင့် ရေနံလုပ်ငန်းလုပ်ကိုင်သူအနေဖြင့် စီမံကိန်းသက်တမ်းကုန်ဆုံးချိန်တွင် ပြည်ပမှတင်သွင်းခဲ့သည့်ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍ တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊

စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အခွန်ကြွေးကျန်ကင်းရှင်းကြောင်း အထောက်အထားကို စွမ်းအင်ဝန်ကြီးဌာနသို့ တင်ပြရမည်ဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းမြစ် : စွမ်းအင်ဝန်ကြီးဌာန

## New York တွင် လမ်းစည်းကမ်းလိုက်နာရန်မလိုဘဲ လမ်းဖြတ်ကူးခွင့်ပြုခြင်း

New York တွင် လမ်းစည်းကမ်းကိုလိုက်နာခြင်းမရှိဘဲ လမ်းဖြတ်ကူးသည့်အလေ့အထသည် ဆယ်စုနှစ်များစွာရှိပြီဖြစ်ပြီး ယင်းကို ၁၉၅၈ ခုနှစ်က ပြဋ္ဌာန်းခဲ့သောဥပဒေအရ ဥပဒေချိုးဖောက်ခြင်းဟုသတ်မှတ်ကာ ဒဏ်ငွေ ၂၅၀ သတ်မှတ်ခဲ့သော်လည်း ယခုအခါ တရားဝင်ခွင့်ပြုလိုက်ပြီဖြစ်ပါသည်။ ဖေဖော်ဝါရီလတွင် အာဏာသက်ရောက်မည့် ဥပဒေပြဋ္ဌာန်းချက်အရ လမ်းစည်းကမ်းလိုက်နာခြင်းမပြုဘဲ လမ်းဖြတ်ကူးမှုအပေါ် ဒဏ်ငွေပေးဆောင်ရန် လိုအပ်တော့မည်မဟုတ်ကြောင်းတွေ့ရှိရပြီး ယင်းဥပဒေသည် လမ်းဖြတ်ကူးသူများကိုသာ ရည်ရွယ်ထားကြောင်းလည်း တွေ့ရှိရပါသည်။

အဆိုပါဥပဒေမူကြမ်းကို မြို့တော်ဝန်က သတ်မှတ်ရက်ဖြစ်သည့်ရက်ပေါင်း ၃၀ အတွင်း လက်မှတ်ထိုးခဲ့ခြင်းမရှိသော်လည်း အတည်ဖြစ်လာပြီး လာမည့်ဖေဖော်ဝါရီလတွင် အာဏာသက်ရောက်မည်ဖြစ်ပါသည်။ ဥပဒေက ပြစ်ဒဏ်များဖယ်ရှားလိုက်သည့်အတွက် လူမျိုး၊ နောက်ခံသမိုင်းကြောင်း မခွဲခြားဘဲ လူတိုင်းတရားမျှတစွာ ဆက်ဆံခံရကြောင်း၊ ထိုသို့ ပြစ်ဒဏ်ဖယ်ရှားလိုက်သော်လည်း အများပြည်သူဘေးကင်းရေးကို လျစ်လျူရှုမထားကြောင်း၊ တရားမျှတပြီး သာတူညီမျှရှိသည့် အများပြည်သူဘေးကင်းရေးအစီအမံများပါရှိကြောင်း၊ ပြစ်ဒဏ်ပေးခြင်းထက် လမ်းဒီဇိုင်းများနှင့် အရှိန်မြန်ပြီး အန္တရာယ်ရှိသည့်ယာဉ်ကြီးများအပေါ် ပိုမိုအလေးပြုသင့်ကြောင်း၊ လမ်းကူးသူများလမ်းကူးရာတွင် လုံခြုံမှုရှိစေရန် အားပေးရမည်ဖြစ်ကြောင်း၊ လမ်းစည်းကမ်းမလိုက်နာ၍ ဒဏ်ငွေဆောင်ရမည့် ticket များထုတ်ပေးနေရသည့်ရဲဝန်ထမ်းများအနေဖြင့်လည်း အခြားရဲလုပ်ငန်းတာဝန်များ လစ်ဟင်းရကြောင်း၊ လူတိုင်းလမ်းစည်းကမ်းလိုက်နာပါက ပိုမိုလုံခြုံစိတ်ချရမည်ဖြစ်ကြောင်း၊ လမ်းသွားလမ်းလာများ၊ ယာဉ်မောင်းများနှင့်စက်ဘီးသမားများသည် လမ်းများကို ဘေးကင်းစွာသုံးစွဲရန် တာဝန်ရှိကြောင်း၊ လမ်းစည်းကမ်းကိုလိုက်နာခြင်းမရှိဘဲ လမ်းဖြတ်ကူးသည့်အလေ့အထသည် ယခင်ကတည်းကရှိခဲ့သော အလေ့အထဖြစ်သော်လည်း လူကူးမျဉ်းကြားကမသွားခြင်းသည် အလွန်အန္တရာယ်များကြောင်း၊ ယခု ဥပဒေအသစ်သည် New York အတွက် ကြီးမားသော အပြုသဘောဆောင်သည့်ဥပဒေဖြစ်ကြောင်း၊ လမ်းဖြတ်ကူးသူများအနေဖြင့် လမ်းစည်းကမ်းကိုလိုက်နာခြင်းမပြုဘဲ လမ်းဖြတ်ကူးရာတွင် လမ်းမှန်

မရှိနိုင်သဖြင့် လမ်းမှန်အသုံးပြုနေသော၊ လမ်းစည်းကမ်းကိုလိုက်နာနေသော အခြားယာဉ်များကို ဦးစားပေးအလေးထားရန်လိုကြောင်း၊ အချက်ပြသင်္ကေတများကို လိုက်နာရန်မလိုဘဲ မည်သည့်နေရာတွင်မဆိုဖြတ်သန်းသွားလာခွင့်ပြုလိုက်ခြင်းသည် အန္တရာယ်များလွန်းကြောင်းနှင့် လွန်ခဲ့သော ၅ နှစ်အတွင်း လမ်းစည်းကမ်းလိုက်နာခြင်းမရှိဘဲ လမ်းဖြတ်ကူးသည့် လူဦးရေ ၂၀၀ ခန့် သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ရဲအရာရှိများသည် လမ်းစည်းကမ်းဖောက်ဖျက်သူများကို အရေးယူမှုပြုရာတွင် အသားရောင်ကွဲပြားသည့်လူမျိုးစုများကိုပို၍ပစ်မှတ်ထားကြသည်ဟု ဝေဖန်ခံရသည့်သမိုင်းကြောင်းများရှိခဲ့ပါသည်။ လမ်းစည်းကမ်းလိုက်နာခြင်းမရှိဘဲ လမ်းဖြတ်ကူးသည့်ဖြတ်ပိုင်းများရရှိသူ ၉၀ ရာခိုင်နှုန်းသည် လူမည်းများနှင့် လက်တင်နိုလူမျိုးများဖြစ်နေသဖြင့် ယခုဥပဒေသည် လူမျိုးရေးတရားမျှတမှုကို တိုးတက်စေမည့်ခြေလှမ်းတစ်ခုဟု ဥပဒေမူကြမ်းထောက်ခံသူများက ယုံကြည်နေကြပါသည်။

ယာဉ်ကြောကြပ်တည်းမှုနှင့် လမ်းစည်းကမ်းများလိုက်နာခြင်းမပြုဘဲ ဖြတ်သန်းသွားလာနေမှုများသည် နိုင်ငံတိုင်းနီးပါးရင်ဆိုင်နေရသောဖြစ်ရပ်ဖြစ်ပြီး ဥပဒေက ယခုကဲ့သို့ကင်းလွတ်ခွင့်ပေးထားသော်လည်း လမ်းဖြတ်ကူးသူများအနေဖြင့် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများကို အလေးထားလိုက်နာခြင်းဖြင့် မိမိတို့၏အသက်အန္တရာယ်ကင်းစေမှုကို ပိုမိုအထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.cnn.com/travel/jaywalking-legalized-new-york-city/index.html

## ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူညီစာချုပ်မှ အဖွဲ့ဝင်များ၏ ၁၆ ကြိမ်မြောက် ညီလာခံ(COP 16) မှ ဇီဝမျိုးစုံမျိုးကွဲနှင့်စပ်လျဉ်း၍ အထင်ကရသဘောတူညီချက်များ ချမှတ်ဆောင်ရွက်ခဲ့ခြင်း

ကမ္ဘာ့အကြီးဆုံးဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ထိပ်သီးအစည်းအဝေးဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်မှ အဖွဲ့ဝင်များ၏ ၁၆ ကြိမ်မြောက် ညီလာခံ(COP 16) တွင် သဘာဝမျိုးရိုးဗီဇနှင့်ဆိုင်သောအချက်အလက်နှင့် အာဖရိကမျိုးနွယ်နှင့် ဒေသခံလူထုတို့အပေါ် အသိအမှတ်ပြုခြင်းတို့နှင့်စပ်လျဉ်းသော သဘောတူညီချက်များအပါအဝင် အထင်ကရဖြစ်သည့် ဆုံးဖြတ်ချက်များစွာချမှတ်ခဲ့ပါသည်။ အဆိုပါထိပ်သီးအစည်းအဝေးကို ယခုနှစ်နိုဝင်ဘာလအစောပိုင်းတွင် ကိုလံဘီယာနိုင်ငံ Cali ၌ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၇၀ မှ တက်ရောက်ကာ ၁၂ ရက်ကြာ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်းသိရှိရပါသည်။

အဆိုပါသဘောတူစာချုပ်၏ အဓိကရည်ရွယ်ချက်မှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသည့်အနာဂတ်တစ်ခုဖြစ်စေရေးအတွက်နည်းလမ်းများကိုမြှင့်တင်ဆောင်ရွက်ကြရန်ဖြစ်ပြီး ၁၉၉၂ ခုနှစ်ကတည်းက နိုင်ငံပေါင်း ၁၉၆ နိုင်ငံ၏သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရပါသည်။

သဘောတူစာချုပ်အပိုဒ် ၈(ည)အရ ပါဝင်လက်မှတ်ရေးထိုးသည့်နိုင်ငံတိုင်းသည် ဇီဝမျိုးစုံမျိုးကွဲများကိုထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စဉ်ဆက်မပြတ်အသုံးပြုနိုင်ခြင်းတို့နှင့်စပ်လျဉ်း၍ ဒေသခံတိုင်းရင်းသားလူမျိုးများနှင့်ဒေသခံအဖွဲ့အစည်းများ၏ ရိုးရာလူနေထိုင်မှုဓလေ့ဆိုင်ရာဗဟုသုတများ၊ တီထွင်ကြံဆမှုများနှင့်အလေ့အကျင့်များကို ကာကွယ်ထိန်းသိမ်းပြီး လေးစားရမည်ဖြစ်ပါသည်။ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးမှုများပြုလုပ်ပြီးနောက် အဆိုပါသဘောတူစာချုပ်အပိုဒ် ၈(ည) အရ လက်အောက်ခံအဖွဲ့အစည်းတစ်ခုဖန်တီးရန်ဆုံးဖြတ်၍ အာဖရိကမျိုးနွယ်နှင့် ၎င်းတို့၏ဒေသခံလူထုတို့ကို ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းစောင့်ရှောက်ရေးတွင် ဦးစီးဆောင်ရွက်သူများအဖြစ် အသိအမှတ်ပြုသည့် သဘောတူညီချက်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

လက်အောက်ခံအဖွဲ့အစည်းသည် ဒေသခံတိုင်းရင်းသားလူမျိုးများနှင့် ဒေသခံအဖွဲ့အစည်းများမှ ဇီဝမျိုးစုံမျိုးကွဲအပေါ် ဆုံးဖြတ်ချက်များချမှတ်ရာတွင်ပါဝင်နိုင်ရန် အမြဲတမ်းခန့်ထားသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် အဓိပ္ပါယ်သက်ရောက်ပါသည်။ ထိုသို့သတ်မှတ်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ရာတွင် ပါဝင်ဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ်များသတ်မှတ်ရာ၌ နည်းလမ်းတစ်ခုအဖြစ် နိုင်ငံများနှင့် ဒေသခံတိုင်းရင်းသားလူမျိုးများ၊ ဒေသခံအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ခြင်းဖြစ်ပါသည်။

ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသူများမှ ယင်းတို့၏သဘာဝမျိုးရိုးဗီဇအမှတ်အသားများနှင့်ဆိုင်သောသတင်းအချက်များကို ရယူသုံးစွဲသည့် စီးပွားရေးအရင်းအမြစ်များထံမှကောက်ခံ၍ ကမ္ဘာ့ရန်ပုံငွေတစ်ခုထူထောင်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ၎င်းတို့၏သတင်းအရင်းအမြစ်များကိုရယူ၍ ထုတ်ကုန်အသစ်များ ထုတ်လုပ်ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများသည် ၎င်းတို့၏အမြတ်ငွေမှ ရန်ပုံငွေအတွက် ကျခံထည့်ဝင်၍ Cali Fund ဟုခေါ်တွင်မည့် ရန်ပုံငွေတစ်ရပ်ထူထောင်ရန်နှင့် အဆိုပါရန်ပုံငွေကို ဒေသခံတိုင်းရင်းသားလူမျိုးများနှင့် ဒေသခံအဖွဲ့အစည်းများသို့ တိုက်ရိုက်ဖြစ်စေ၊ အစိုးရမှတစ်ဆင့်ဖြစ်စေ ထည့်ဝင်စေရန်ဖြစ်ကြောင်း၊ အကျိုးအမြတ်ခွဲဝေခံစားမှုအနေဖြင့် နိုင်ငံတွင်း ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာလိုအပ်ချက်များနှင့် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုတို့အပေါ်တွင် ထည့်သွင်းစဉ်းစား၍ဆောင်ရွက်မည်ဖြစ်ကြောင်းဆုံးဖြတ်ခဲ့သည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်၍ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာသဘောတူစာချုပ်မှ အဖွဲ့ဝင်များ၏ ၁၆ ကြိမ်မြောက်ညီလာခံ(COP 16) မှ အာဖရိကဒေသခံလူမျိုးများအား ၎င်းတို့ဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့်စပ်လျဉ်းသည့်ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်လာစေရေးအတွက် လက်အောက်ခံအဖွဲ့အစည်းတစ်ရပ်အဖြစ်သတ်မှတ်ခြင်းသည် သဘောတူစာချုပ်ပါစည်းကမ်းချက်နှင့်အညီ ဒေသခံများ၏ရိုးရာဓလေ့စရိုက်တို့ကို လေးစားတန်ဖိုးထားကြောင်းပေါ်လွင်စေသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ကြောင်းနှင့်သဘာဝမျိုးရိုးဗီဇအမှတ်အသားများနှင့်ဆိုင်သောသတင်းအချက်များကို ရယူသုံးစွဲသည့် စီးပွားရေးလုပ်ငန်းများမှရန်ပုံငွေကောက်ခံကာ ရန်ပုံငွေတစ်ရပ်ထူထောင်၍ လိုအပ်သောနေရာများတွင် ပြန်လည်

အသုံးချနိုင်ရေးဆောင်ရွက်ခြင်းသည် ကမ္ဘာပေါ်ရှိသက်ရှိများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်အသုံးပြုနိုင်စေရေးအတွက် များစွာအထောက်အကူဖြစ်စေသော ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://news.un.org/en/story/2024/11/1156456

## UN Habitat III Conference တွင် လက်မှတ်ရေးထိုးခဲ့သော New Urban Agenda အား ဒေသတွင်းအကောင်အထည်ဖော်ရန် တိုက်တွန်းခြင်း

၁၁-၆-၂၀၂၄ ရက်စွဲပါ China Daily Global ၏ထုတ်ပြန်ချက်အရ Localization of New Urban Agenda ဆိုသည်မှာ ၂၀၁၆ ခုနှစ်၊ Habitat III Conference တွင် UN-Habitat မှ သက်ဆိုင်သော နိုင်ငံများ၏သဘောတူညီချက်ဖြင့် လက်မှတ်ရေးထိုးခဲ့သောလမ်းညွှန်ချက်ကို နိုင်ငံတစ်နိုင်ငံ၊ တိုင်းဒေသကြီး၊ မြို့များနှင့်ဒေသများတွင် လိုက်လျောညီထွေဖြစ်အောင် အသုံးချရခြင်းနှင့် အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။ ယင်း Agenda ကို ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် အတည်ပြုခဲ့ပြီးဖြစ်ပါသည်။

New Urban Agenda သည် ၎င်း၏ရည်မှန်းချက်များဖြစ်သည့် (၁) ဒေသဆိုင်ရာဦးစားပေးမှုများအရ အကောင်အထည်ဖော်ခြင်း၊ (၂) သက်ဆိုင်သူအားလုံး ပါဝင်ခြင်း၊ (၃) ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို အပြည့်အဝ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြို့ပြဖွံ့ဖြိုးမှုများအား လူတန်းစားအားလုံး အကျိုးခံစားမှုရှိအောင် ဖန်တီးခြင်းနှင့် အဆိုပါ Agenda သည် ဒေသတွင်း စွမ်းရည်မြှင့်တင်ရေးစသည့် ရည်မှန်းချက်အတွက်လည်း အဓိကအရေးပါကြောင်း တွေ့ရှိရပါသည်။

အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့တွင်ကျင်းပခဲ့သည့် ၁၂ ကြိမ်မြောက်ကမ္ဘာ့မြို့ပြဖိုရမ်တွင် ခေါင်းဆောင်များက ကုလသမဂ္ဂ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ သို့မဟုတ် SDGs များကို ဒေသအလိုက်ဆောင်ရွက်ခြင်း၊ မိတ်ဖက်များနှင့်မဟာမိတ်များကို မြှင့်တင်ပေးခြင်းအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ယင်း Agenda သည် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့ပြင် ကျွမ်းကျင်သူများကလည်း မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် ကုလသမဂ္ဂ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် ကုလသမဂ္ဂမှထောက်ခံထားသည့်

ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော သဘောတူညီချက်ဖြစ်သည့် New Urban Agenda ကို ဒေသအလိုက်သတ်မှတ်ရန် တောင်းဆိုခဲ့ကြသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အဆိုပါ Agenda သည် ဒေသတွင်း အဆင့်ရပ်ရွာများနှင့် ပြည်သူများ၏နေထိုင်မှုများမှ စတင်ကြောင်း၊ နိုင်ငံတွင်းနှင့် ဒေသဆိုင်ရာ အာဏာပိုင်များသည်လည်း ဆောင်ရွက်မှုအဆင့်တိုင်းတွင် ဖြစ်ပေါ်နိုင်သည့်ပြဿနာများကို ဖြေရှင်းရာတွင် အရေးပါသောအစိတ်အပိုင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အလားတူ နယ်သာလန်နိုင်ငံ The Hague မြို့တော်ဝန် Jan van Zanen က နိုင်ငံတွင်းနှင့် ဒေသတွင်းအစိုးရများသည် ၂၀၃၀ ပြည့်နှစ်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အောင်မြင်ရန် အရေးကြီးကြောင်း၊ United Nations Human Settlements Programme ၏ အမှုဆောင်ဒါရိုက်တာ Anaclaudia Rossbach က Pact of the Future သည် မြို့ပြအစီအစဉ်သစ်၊ မြို့ပြနှင့်အိမ်ရာတို့၏အရေးကြီးမှုကိုသာမက ပြည်တွင်းအစိုးရနှင့် ဒေသတွင်းအစိုးရများဆက်စပ်မှုတို့ကို အသိအမှတ်ပြုထားကြောင်း ပြောကြားခဲ့ပါသည်။

သို့ဖြစ်ရာ New Urban Agenda သည် လူ့ဘောင်အဖွဲ့တစ်ရပ်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးဆိုင်ရာများတွင် တိုးတက်မှုရရှိစေမည့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများအတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www.chinadaily.com.cn/a/202411/06/WS672ac528a310f1265a1cbb09.html

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

